# ပြန်လည်နိုးကြွသည့် ဝါဒ (၁၇၂၀–၁၉၀၆)

ပြန်လည်နိုးကြွသော ဝါဒ သို့မဟုတ် ပြန်လည်နိုးကြွသူများဆိုသည်မှာ ကဲလ်ဗင်နစ်များနှင့် ဝင်စလေယန်း တို့၏ ပြန်လည်နိုးကြွမှုကို ကိုယ်စားပြု၍၊ နိုးထမှုကြီးဟု ခေါ်ဆိုပေသည်။ မြောက်အမေရိကတွင် အီဗင်ဂျလီကယ်များ၊ ပရက်ဘိုင်တာ ဝါဒီများ၊ ဘတ္တိဇံဝါဒီများနှင့် မက်သိုဒေ့ဝါဒီ အသင်းတော်များ၏ ပေါ်ထွန်းတိုးတက်လာမှုကို တွေ့ ရပေသည်။ ထိုလှုပ်ရှားမှုသည် တဖြေးဖြေးနှင့် အားပျော့သွားသောအခါတွင် ၎င်းသည် ပြန်လည် အစားထိုးသူ များ လှုပ်ရှားမှုအား မြင့်တက်လာစေရန် ပေးအပ်ခဲ့ပေသည်။

## နိုးထမှုကြီး

ပထမဦးဆုံး နိုးထမှုကြီးမှာ အေဒီ ၁၇၃၀– ၁၇၄၀ တွင်၊ အမေရိကန် ကိုလိုနီနယ်များ ပရိုတက်စ်တင့် ဘာသာရေး စိတ်ပြင်းထန်သူများ၏ လှိုင်းကယက် ပင်ဖြစ်ပေသည်။ ဘုရားတရားနှင့်ဆိုင်သော သူတော်စင်တရားများကို ဟောပြောခြင်း၊ ဝတ်ပြုနည်း ရိုးရိုးများနှင့် နက်ရှိုင်းသော ပုဂ္ဂလိက အပြစ်များနှင့် ယေရှုခရစ်၏ ကိုယ်စား အပြစ် ခံယူပေးမှုများ အလေးပေး ဟောပြောသည့် ရိုးရာ ပြုပြင် ပြောင်းလဲခြင်းများကို ပြုလုပ်ခဲ့ပေသည်။ သမိုင်း ပညာရှင် ဆစ်ဒနီ အီး အာလ်စထွမ်း Sydney E. Ahlstrom က ၎င်းသည် “နိုင်ငံတကာဆိုင်ရာ ပရိုတက်စ် တင့်များ ကသောင်းကနင်း ဖြစ်ခြင်း၏ တစ်စိတ်တစ်ပိုင်းမျှသာ ဖြစ်၏” ဟု ရှုမြင်ထားပေသည်။ ၎င်းသည် ဂျာမဏီတွင် ပိုင်းယစ်တက်ဇင်၊ အင်္ဂလန်တွင် အီဗင်ဂျလီကဲလ် ပြန်လည်နိုးထခြင်းနှင့် မက်သို့ဒက်ဇင်များ ကိုလည်း ဖြစ်ပေါ်စေခဲ့ပေသည်။ ၎င်းသည် ဝတ်ပြုအသင်း ထူထောင်ခြင်း၏ အသက်ဝိညာဉ် ပြန်လည် ရှင်သန်ရေးကို ဖဟိုပြုခဲ့၍။ ဝတ်ပြုလူထုဆိုင်ရာ စုဝေးမှုများ၊ ပရက်ဘိုင်တာ ဝါဒီများနှင့် ဒ့ါချ် ပြုပြင်ပြောင်းလဲရေး၊ ဂျာမန် ပြုပြင်ပြောင်းလဲရေး၊ ဘတ်ပတက်စ်များနှင့် မက်သိုဒေ့ါ အသင်းတော်များသို့ များစွာ ထိရောက် ခဲ့ပေသည်။ ထို့အပြင် ကျေးကျွန် လူဦးရေးများထံသို့လည်း ပြန့်နှံ့ခဲ့ပေသည်။ ဒုတိယအကြိမ် နိုးထမှုကြီး (၁၈၀၀– ၁၈၃၀) သည် ပထမအကြိမ်နှင့် မတူညီတော့ဘဲ၊ ၎င်းသည် အသင်းတော်မဲ့များသို့ ဦးတည်လျှက် တက်ကြွသော တွေ့ဆုံမှုများအားဖြင့် ပုဂ္ဂလိက ကယ်တင်ခြင်းခံရမှုအား ရိုက်သွင်းခဲ့ပေသည်။ ၎င်းသည် မန်မွန်နှင့် မြင့်မြတ်သော လှုပ်ရှားမှုအဖွဲ့ ကဲ့သို့သော ပြန်လည် အစားထိုးမှုဝါဒ၏ အစပိုင်းအုပ်စုများသို့လည်း ရိုက်ခတ်သွားပေသည်။ တတိယ နိုးထမှုကြီးသည် ၁၈၅၇ တွင် စတင်ခဲ့ပြီး ကမ္ဘာနှင့်အဝှမ်း အထူးသဖြင့် အင်္ဂလိပ် စကားပြောနိုင်ငံများသို့ ပြန့်နှံ့လှုပ်ရှားခဲ့ပေသည်။ မြောက် အမေရိကမှ နိုးထမှုကြီးထဲသို့ နောက်ဆုံး ဝင်လာ သော အုပ်စုမှာ ပင်တက်စ်ကိုတဲလ်ဝါဒီများ ဖြစ်၍၊ သူတို့၏ ရေသောက်မြစ်မှာ မက်သိုဒေ့ါစ်၊ ဝက်စလေယန် တို့ ဖြစ်ပေသည်။ မြင့်မြတ်သော လှုပ်ရှားမှုအဖွဲ့သည် ၁၉၀၆ ခုနှစ်တွင် လော့အင်ဂျယ်လစ်မြို့ အဇူစာ လမ်းမ ပေါ်မှ စတင်ခဲ့ပေသည်။ ပင်တက်စ်ကိုတဲလ်ဝါဒီများသည် နောက်ပိုင်းတွင် နက်ခြိုက်ဘွယ် လှုပ်ရှားမှု Charismatic movement အား ဦးဆောင်ခဲ့ပေသည်။

## ပြန်လည် အစားထိုး ဝါဒီများ

ပြန်လည်အစားထိုး ဝါဒီများဆိုသည်မှာ အသင်းအဖွဲ့ကြီး စုစည်းထားခြင်း မရှိသည့် အမျိုးမျိုးသော လှုပ်ရှားမှု အဖွဲ့များကို ကိုယ်စားပြု၍၊ ခေတ်ပြိုင် ခရစ်ယာန် သာသာနာများ၊ မူလပင်မ မှန်ကန်သော ခရစ်ယာန်မှ လမ်းလွဲ သော အဖွဲ့များဟု အသိအမှတ် ပြုခံရသူများ ဖြစ်ပေသည်။ ထိုအုပ်စုများသည် ပြန်လည် တည်ဆောက် ရန် ကြံစည်လျှက် “တမန်တော် ဝတ္ထုအား” လမ်းပြကျမ်း အဖြစ် သုံးလေ့ရှိပေသည်။ ပြန်လည် အစားထိုး ဝါဒီများသည် ဒုတိယ နိုးထမှုခေတ်ကြီးတွင် တိုးတက်ဖွံ့ဖြိုးလာခဲ့၍၊ ပရိုတက်စ်တင့် ပြုပြင်ပြောင်းလဲရေးနှင့် သမိုင်းဝင် ဆက်သွယ်မှု ရှိခဲ့ပေသည်။ သို့သော် ကွဲပြားခြားနားသည်မှာ ၎င်းတို့သည် သူတို့ကိုယ်သူတို့ ပြုပြင် ပြောင်းလဲခြင်း ပြုလုပ်သည်ဟု မည်သည့်အခါတွင်မှ မဖေါ်ဆောင်ပေ။ ယေရှုခေတ်ကာလ အတိုင်း အသင်းတော် အား ဆက်လက် တည်ရှိစေသည်ဟု ကြွေးကြော်ပြီး၊ အသင်းတော်တွင်းတွင် ပျောက်ဆုံးနေသည်ဟု သူတို့ ထောက်ပြသော အချက်များအား ပြန်လည် အစားထိုးခြင်းသာ ဖြစ်ခဲ့ပေသည်။ ထိုအသင်းအဖွဲ့များမှာ “နောက် ပိုင်း နေ့ရက် သူတော်စင်များ အသင်းတော်” (မန်မွန်) နှင့် “ယေဟောဝါ သက်သေခံ လှုပ်ရှားမှု” များ ဖြစ်ပေ သည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com